# မန္တလေးတိုင်းဒေသကြီး အသေးစားနှင့်
# အလတ်စားလျှပ်စစ်ဥပဒေ

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၃ | - |
| ၄ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ | ၃ | ၄ |
| ၅ | အခန်း(၄) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် | ၄ | ၆ |
| ၆ | အခန်း(၅) စီမံခန့်ခွဲရေးနည်းအရ အရေးယူခြင်း၊ အယူခံခြင်း | ၆ | - |
| ၇ | အခန်း(၆) တားမြစ်ချက်များ | ၇ | - |
| ၈ | အခန်း(၇) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၈ | - |
| ၉ | အခန်း(၈) အထွေထွေ | ၉ | - |

# မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့်အသေးစားလျှပ်စစ် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၄။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

## နိဒါန်း

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီးက စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ် ဥပဒေ**ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာမန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာမန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကော်မတီကို ဆိုသည်။

(စ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ် အထက်မှ ၃၀ မဂ္ဂါဝပ် အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဆ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အား** ဆိုသည်မှာ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဈ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ထုတ်ပေးသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုသည်။

(ည) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းများကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ နည်းပညာတစ်ခုခုကို အသုံးပြု၍ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးမှ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

(ဌ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံသို့ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီး၊ ကြိမ်နှုန်းတို့ဖြင့် စနစ်တကျ ဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဍ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း** ဆိုသည်မှာ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီး နှင့် ကြိမ်နှုန်းရှိသောလျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း** ဆိုသည်မှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခုနှင့်ဖြစ်စေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူနှင့် ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဏ) **လျှပ်စစ်အန္တရာယ်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကြောင့် ဓာတ်လိုက်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်းဖြစ်ပွားပြီး သက်ရှိများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးခြင်းကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်၊

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများပါဝင်လာစေရန်၊

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲရန်၊

(င) လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊

(စ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်။

## အခန်း(၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) ဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူ ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကော်မတီကို (၅)ဦး သို့မဟုတ် (၇)ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှပ်စစ်ဓာတ်အားခ နှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပေးခြင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို ရေးဆွဲ သတ်မှတ်ခြင်း၊

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရအဖွဲ့၊ အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကို လိုအပ်သော အကြံဉာဏ်များ ပေးခြင်း၊

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူလူထု သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) စီမံခန့်ခွဲရေးနည်းအရ အရေးယူဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ကတာဝန်ပေးအပ်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း(၄)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်

၆။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ခုခုကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။

၇။ အစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၆ အရ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကော်မတီအား စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းကို လျှောက်ထားသူထံ ပြန်ကြား ရမည်။

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရန်စိစစ်ရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုတို့ကို အခြေခံပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုတို့ကို အခြေခံ၍ စိစစ်ရမည်။

(င) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ခွင့်ပြုသည့်ဇရိယာ သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို နည်းဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၈။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) တည်ဆဲဥပဒေများ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) တည်ဆဲဥပဒေများအရ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) ခွင့်ပြုမိန့်ပါလုပ်ငန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ လုပ်ငန်းရပ်ဆိုင်းခြင်း ပြုလုပ်လိုပါက အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(င) မိမိ၏ ပေါ့ဆစွာ ဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ်၊ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်စေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

၉။ (က) ခွင့်ပြုမိန့်ရရှိသူများ ဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်တွင် သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပါအဝင် မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း တစ်ခုခုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့်သက်ဆိုင်သည့် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြသတ်မှတ်ရမည်။

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် လုပ်ကိုင်ခွင့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၁။ အစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား လုပ်ကိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့်အကြောင်းရင်းကို ဖော်ပြ၍ လျှောက်ထားသူထံ ပြန်ကြားရမည်။

၁၂။ အစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို အကျိုးအကြောင်းခိုင်လုံပါက ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရုပ်သိမ်းခြင်းပြုပါက ရုပ်သိမ်းရမည့်အကြောင်းရင်းကို ဖော်ပြ၍ ခွင့်ပြုမိန့်ရရှိသူထံသို့ အကြောင်းကြားရမည်။

## အခန်း(၅)

## စီမံခန့်ခွဲရေးနည်းအရအရေးယူခြင်း၊ အယူခံခြင်း

၁၃။ ကော်မတီသည် ဤဥပဒေ အခန်း (၄)၊ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) လိုအပ်ချက်များပြုပြင်စေခြင်း၊

(ဃ) ခွင့်ပြုမိန့်ကိုယာယီရပ်ဆိုင်းခြင်း။

၁၄။ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များနှင့်စပ်လျဉ်း၍ အယူခံဝင်လိုပါက အမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၅။ အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၁၆။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

## အခန်း(၆)

## တားမြစ်ချက်များ

၁၇။ မည်သူမျှ အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ အလတ်စား သို့မဟုတ် အသေးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၈။ ခွင့်ပြုမိန့်ရရှိသူ မည်သူမျှခွင့်ပြုမိန့်ပါ လုပ်ငန်းမှအပ အခြားမည်သည့်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၉။ မည်သူမျှ -

(က) အန္တရာယ်ဖြစ်စေနိုင်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း၊ အသုံးပြုခြင်းမပြုရ၊

(ခ) တည်ဆဲဥပဒေများအရ စစ်ဆေးခြင်းကို ငြင်းဆန်ခြင်းမပြုရ၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် မပျက်ကွက်ရ။

၂၀။ မည်သူမျှ -

(က) ခွင့်ပြုထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစနစ်ကို တစ်နည်းနည်းဖြင့် အကျိုးဖျက်ဆီးခြင်းမပြုရ၊

(ခ) ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် သွယ်တန်းရယူခြင်း၊ အသုံးပြုခြင်း မပြုရ။

၂၁။ ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါလုပ်ငန်းကိုဖြစ်စေ အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းလွှဲပြောင်းခြင်းမပြုရ။

## အခန်း(၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ (၃)လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း(၈)

## အထွေထွေ

၂၇။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း ခွင့်ပြုမိန့်ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၂၈။ ဤဥပဒေ အခန်း (၇) ပါ ပြစ်မှုများအားလုံးကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ အကျိုးဖျက်ဆီးခြင်းဆိုသည့် စကားရပ်နှင့် မရိုးမဖြောင့်သောသဘောဆိုသည့် စကားရပ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ ဖြစ်စေရမည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို တရားရုံးရှေ့သို့တင်ပို့ရန် လွယ်ကူခြင်းမရှိပါက တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် အခြားစာရွက်စာတမ်း၊ အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့